*J. Myanmar Acad. Arts Sci. 2023* **Vol. XXI. No.4**

# လိင်ကွဲပြားမှုသီအိုရီကိုအသုံးပြု၍ မစန္ဒာ၏ "ငယ်သူမို့ မသိပါ" ဝတ္ထုမှ အဓိက ဇာတ်ဆောင် နှစ်ဦး၏ အပြန်အလှန် နှုတ်ပြော စကားစဉ်ကို လေ့လာခြင်း

ခင်သန္တာကျော်*

## စာတမ်းအကျဉ်းချုပ်

မိန်းမနှင့်ယောကျ်ား ပြောသောစကားများ၏ ကွဲပြားမှုကို လေ့လာခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ဝတ္ထုထဲမှ အဓိကဇာတ်ဆောင်နှစ်ဦးတို့၏ ယောကျ်ားနှင့်မိန်းမပြောစကား ကွဲပြားမှုအဖြေကို ရှာဖွေခြင်းဖြစ်သည်။ ဤစာတမ်းသည် Deborah Tenner (1982) ၏ သီအိုရီ (၆)မျိုးကို အခြေခံ လေ့လာသည်။ ဤစာတမ်းကို လေ့လာရခြင်း၏ ရည်ရွယ်ချက်မှာ လိင်ကွဲပြားမှုသီအိုရီ အမျိုးအစား (၆) မျိုးထဲမှ ဇာတ်ဆောင်နှစ်ဦးသည် မည်သည့် အမျိုးအစားကို အများဆုံးအသုံးပြုသည်။ မည်သည့် အမျိုးအစားကို အသုံးနည်းသည်ကို သိလိုသော ရည်ရွယ်ချက်ဖြင့် လေ့လာထားခြင်း ဖြစ်သည်။

**သော့ချက်ဝေါဟာရ** - အခြေအနေ၊ လွတ်လပ်၊ အချက်အလက်၊ ထောက်ခံ၊ ရင်းနှီး၊ ခံစား၊

## နိဒါန်း

ဤစာတမ်းသည် စာရေးဆရာမ မစန္ဒာ၏ "ငယ်သူမို့မသိပါ" ဝတ္ထုမှ အဓိကဇာတ်ဆောင် နှစ်ဦး၏ အပြန်အလှန် နှုတ်ပြောစကားစဉ်ကို လေ့လာထားသောစာတမ်းဖြစ်သည်။ယောကျ်ားနှင့်မိန်းမတို့ စကားပြောရာတွင် ပြောဆိုသော စရိုက်၊ ပြောဆိုပုံပြောဆိုနည်းကွဲပြားပုံတို့ကို သီအိုရီ(၆)မျိုးနှင့် လေ့လာတင်ပြဖော်ထုတ်သွားပါမည်။

## ၁။ သုတေသနမေးခွန်း

- ဝတ္ထုထဲမှအဓိကဇာတ်ဆောင်(၂)ဦးသည် သီအိုရီပါအမျိုးအစား (၆)မျိုးထဲမှ မည်သည့်အမျိုးအစားနှင့် ကိုက်သနည်း။
- ဝတ္ထုထဲမှ အဓိကဇာတ်ဆောင်(၂) ဦးသည် သီအိုရီအမျိုးအစား(၆)မျိုးထဲမှ မည်သည့်အမျိုးအစားကို အများဆုံးသုံးသွားသနည်း။
- ဝတ္ထုထဲမှ အဓိကဇာတ်ဆောင်(၂) ဦးသည် သီအိုရီ အမျိုးအစား (၆) မျိုးထဲမှ မည်သည့် အမျိုးအစား ကို အနည်းဆုံး သုံးသွားသနည်း။
- သီအိုရီအချက် (၆) မျိုးပေါ်အခြေခံပြီး ဇာတ်ဆောင်ယောကျ်ားလေး၏ စရိုက်များ ယောကျ်ားပီသမှုရှိပါ သလား။
- ဇာတ်ဆောင် မိန်းကလေး စရိုက်မှာလည်း မိန်းကလေးပီသမှု ရှိပါသလား။

**၁၊ ၁။ သုတေသနအဆိုကြမ်း**

သီအိုရီထဲပါ အမျိုးအစား (၆) ချက်ထဲမှ ယောကျ်ားများလုပ်ဆောင်သည့် (၆) ချက်ဖြစ်သော အခြေအနေ၊ လွတ်လပ်၊ အချက်အလက်၊ အမိန့်၊ အကြံဉာဏ်၊ သဘောထားကွဲလွဲမှုတို့မှနေ၍ ဇာတ်ဆောင်ယောကျ်ားလေးနှင့် မိန်းကလေးက မည်သည့်အချက်ကို အများဆုံးအသုံးပြုပြီး မည်သည့် အချက်ကို အနည်းဆုံးသုံးကြသည်ကို ဆန်းစစ်ရန်နှင့် မိန်းကလေးများ လုပ်ဆောင်သော လုပ်ဆောင်ချက် (၆) ချက်ဖြစ်သည့် ထောက်ခံ၊ ရင်းနှီး၊ ခံစား၊ အဆိုပြု၊ နားလည်၊ အပေးအယူတို့ထဲမှ ဇာတ်ဆောင် ယောကျ်ားလေးနှင့် မိန်းကလေးသည် မည်သည့်အချက်ကို အများဆုံးအသုံးပြုပြီး မည်သည့်အချက်ကို အနည်းဆုံးအသုံးပြုသည်ကို လေ့လာဆန်းစစ်ပြီး ဇာတ်ဆောင်တို့၏ စရိုက်ကို လေ့လာတင်ပြသွားပါ မည်။

**၁၊ ၂။ သုတေသနနည်းလမ်း**

ဤစာတမ်းသည် လူမှုဘာသာဗေဒနယ်ပယ်မှ လေ့လာထားခြင်းဖြစ်သည်။ ထိုသို့လေ့လာရာတွင် Deborah Tenner သီအိုရီ (၁၉၈၂) ၏ ယောကျ်ားနှင့် မိန်းမပြောစကားကွဲပြားမှု အမျိုးအစား (၆) မျိုးကို အခြခံပြီးလေ့လာထားပါသည်။

**၁၊ ၃။ စာပေလေ့လာတွေ့ရှိချက်**

- ခင်အိအိတင် (၂၀၁၀)၏ 'လိင်ကွဲပြားမှုနှင့်မြန်မာဘာသာစကား' ပါရဂူကျမ်းတွင် မိန်းမနှင့် ယောကျ်ား လိင်သဘောကွဲပြားမှုအပေါ်ထားသည့် မြန်မာ့လူ့အဖွဲ့အစည်း၏ သဘောထားကြောင့် မြန်မာစကားကို ပြောဆိုသည့် ဘာသာတူစုအတွက်ဘာသာ စကားအသွင်ကွဲများ ဖြစ်ပေါ်နေပုံကို လေ့လာတင်ပြထား သည်။
- သိန်းနိုင် (၂၀၀၇)၏ 'အမျိုးသားအမျိုးသမီးတို့၏ ဘာသာစကားအပြုအမူ' ပါရဂူကျမ်းတွင် အမျိုးသား အမျိုးသမီးတို့၏ ဘာသာစကားအပြုအမူများကို အမျိုးအစားခွဲ၍ ဘာသာဗေဒ ရှုထောင့်မှ လေ့လာတင်ပြထားသည်။

ဤစာတမ်းသည် လိင်ကွဲပြားမှုသီအိုရီဖြင့် ဝတ္ထုထဲရှိဇာတ်ဆောင်နှစ်ဦး၏စရိုက်ကို လေ့လာ တင်ပြထား ခြင်းဖြစ်သည်။

**၁၊ ၄။ အချက်အလက်ကောက်ယူခြင်း**

စာရေးဆရာမ မန္တာ၏ "ငယ်သူမို့မသိပါ" ဝတ္ထုတွင်ပါရှိသော အဓိကဇာတ်ဆောင်နှစ်ဦး၏ အပြန်အလှန် ပြောစကားများကို ကောက်ယူလေ့လာတင်ပြထားပါသည်။

**၁၊ ၅။ သီအိုရီသဘောတရား**

အပြန်အလှန် နှုတ်ပြောစကားစဉ်သည် လူအချင်းချင်းဆက်သွယ်မှုကို ဖော်ပြနေသည်။ အပြန်အလှန် နှုတ်ပြောစကားစဉ်သည် အပြန်အလှန်အကျိုးပြုမှုနှင့်အတူ ဟန်ကွဲပြားမှုလည်း ပါဝင်နေ

သည်။ ထိုဟန်ကွဲပြားမှု ထဲတွင် ကျား၊ မ လိင်တို့၏ ကွဲပြားမှုလည်းပါဝင်နေသည်ကို တွေ့ရှိရ သည်။ Deborah Tenner (1982) သီအိုရီတွင် ပါဝင်သော အမျိုးအစား (၆)မျိုးမှာ-

**(က) အခြေအနေနှင့်ထောက်ခံမှု**

ယောကျ်ားများအတွက် အများနှင့်ယှဉ်ပြိုင်နေသော နေရာတစ်ခု၏ စကားလုံးအမျိုးအစားမှာ အပြန်အလှန်နှုတ်ပြောစကားစဉ်မှ ပြောစကားများသည် အခြေအနေတစ်ရပ်အတွင်း အဆင့် တည်ဆောက်ရန် အတွက်အသုံးပြုသည်။ မိန်းမများအတွက်ကမူ ထိုသည် ကွန်ယက်ချိတ်ဆက်ရန်၊ ဘာသာစကားကို အသုံးပြု ရှာဖွေရန်နှင့် အခြားအချက်အလက်များကို ထောက်ခံရန်အတွက်ဖြစ်သည်။ ယောကျ်ားများသည် များသောအားဖြင့် အကြောင်းရာတစ်ခု၏ ဝေဖန်မှုအစား အခြေအနေပေါ်မူတည်ပြီး တွေးခေါ်မှုပြုကြသည်။ အခြားတစ်ဖက် တွင် မိန်းမများသည် အမြဲညင်သာသော နည်းလမ်းဖြင့်သူတို့ ယောကျ်ားများကို မည်သို့ပံ့ပိုး ထောက်ခံရမည်ကို တွေးခေါ်ကြသည်။ မိန်းမများသည် သူတို့၏ယောကျ်ား ထုတ်ပြန်ကြေငြာသော မည်သည့်ခေါင်းစဉ် မဆိုသဘောတူကြသည်။ ထို့ကြောင့် ယောကျ်ားတို့၏ စကားခွန်းများသည် ထောက်ခံရန်နှင့် အတည်ပြုချက် ရယူရန်အတွက် လုပ်ဆောင်ကြသည်။

**(ခ) အကြံဉာဏ်နှင့် နားလည်မှု**

မိန်းမတို့သည် သူတို့၏ပြဿနာအတွက် သက်တောင့်သက်သာရှိအောင် လုပ်ကြသည်။ ယောကျ်ားတို့သည် ပြဿနာအတွက်အဖြေရှာသည်။ ယောကျ်ားတို့သည် ပြဿနာကို ညင်ညင်သာသာ နှင့် အကြံဉာဏ် ပေးသောနည်းဖြင့် ရှာဖွေကြသည်။ မိန်းမတို့သည် ပုံမှန်အားဖြင့် အကြောင်းအရာ တစ်ခုကို မည်သို့နားလည်ပေးရမည် ဘယ်လိုကြင်နာပြရမည်ဆိုသည့်အချက်ကို သူတို့၏ နှုတ်ပြော စကားတွင် ဖော်ပြကြသည်။

**(ဂ) အချက်အလက်နှင့်ခံစားမှု**

ယောကျ်ားတစ်ယောက်၏ အပြန်အလှန်နှုတ်ပြောစကားစဉ်သည် သတင်းအချက်အလက် ချိတ်ဆက်မှု အပေါ် အခြေခံထားသည်။ ယောကျ်ားများသည် ပုံမှန်အားဖြင့်တိကျသည်။ ဒဲ့ဒိုးပြောသည်။ သို့သော် မိန်းမပြောစကားသည် တစ်ခြားသူတို့အား ထိခိုက်မှုမရှိစေရန် သွယ်ဝိုက်ပြောသည်။ ယောကျ်ား များသည် အချက်အလက်များကို တိုတောင်းပြတ်သားစွာပြောတတ်သည်။ ဥပမာ- အစည်းအဝေးတစ်ခု အချိန်ပြောင်းရန်အတွက် တယ်လီဖုန်းနှင့် လှမ်းပြောခြင်းမျိုး၊ မိန်းမများကမူ သူတို့၏စိတ်ခံစားချက်၊ ခံစားမှုများအတွက် တစ်နာရီ ခန့်ကြာအောင် တယ်လီဖုန်းနှင့် ပြောကြားခြင်းမျိုးဖြစ်သည်။

**(ဃ) အမိန့်နှင့်အဆိုပြု**

ယောကျ်ားတို့သည် တိုက်ရိုက်အမိန့်ပေးစေခိုင်းသည်။ မိန်းမများသည်သွယ်ဝိုက်သော နည်းလမ်း သုံးသည်။ ယောကျ်ားတို့သည် တစ်ခြားသူကိုပြောသောအခါ တိုက်ရိုက်ပုံစံ အသုံးပြုသည်။

ဥပမာ- "မီးဖိုချောင်ထဲသွား"

"စာတစ်စောင်ရေး"

မိန်းမများသည် အဆိုပြုသည့် သဘောကို ယဉ်ကျေးသော ပုံစံဖြင့် ပြောကြသည်။

ဥပမာ - ဒီလိုလုပ်ရင်ကောင်းမလားလို့ပါ။

ယောကျ်ားများသည် တိုက်ရိုက်တိကျသော ပြောဆိုမှုကိုအလိုရှိကြသည်။ မှန်ကန်တိကျသော သတင်းအချက်အလက်တို့ကိုမေးပြီး တိုက်ရိုက်ညွှန်ကြားသည်။

**(င) သဘောထားကွဲလွဲမှုနှင့် အပေးအယူညှိ**

ယောကျ်ားများသည် သူတို့၏ အိမ်၊အလုပ်ခွင်တို့တွင်အကြောင်းအရာတစ်ခုအတွက် ဆန့်ကျင်မှုပြုမှုကိုလိုလားကြသည်။ မိန်းမများသည် အကြောင်းအရာနှင့် လေးစားမှုဖြစ် အောင်ပြုမှုကြသည်။ သူတို့၏အကြံပြုမှု၊ ပေးမှုအတွက် ဆန့်ကျင်မှု၊ မကျေနပ်မှုတို့ကို နည်းနိုင်သမျှနည်းအောင် ပြုလုပ်ကြသည်။ ယောကျ်ားများသည် ထိပ်တိုက်ရန်ဆိုင်သော နည်းလမ်းကို ပိုနှစ်သက်သည်။ ယောကျ်ားများသည် ပြဿနာပေါ်တိုက်ရိုက် တွေ့ဆုံမှု ပြုလုပ်ကြသည်။ ယောကျ်ားများသည် ပြဿနာပေါ်တိုက်ရိုက်တွေ့ဆုံမှု ပြုလုပ်ကြသည်။ မိန်းမတို့သည် စေ့စပ်ဆွေးနွေးပြီး တစ်ဦးနှင့်တစ်ဦးနားလည်မှုယူကာ အပေးအယူညှိသည်ကိုသဘောကျကြသည်။

**(စ) လွတ်လပ်မှုနှင့်ရင်းနှီးမှု**

ယောကျ်ားများသည် လွတ်လပ်မှုကိုသာ ကြိုက်နှစ်သက်ကြသည်။ အမှီအခိုကင်းကင်းနှင့် နေကြသည်။ မိန်းမများကမူ သူတို့နှင့်ပေါင်းသင်းဆက်ဆံသူတွေကို ရင်းရင်းနှီးနှီးဖြစ်လိုသည်။ ယောကျ်ားများသည် ဆုံးဖြတ်ချက်ချရာတွင် အများအားဖြင့် သူတို့မိန်းမမပါဘဲ ဆုံးဖြတ်ချက် ချလေ့ရှိသည်။ သို့သော် မိန်းမများသည် ဆုံးဖြတ်ချက်ချရာတွင် သူတို့၏သူငယ်ချင်း (သို့မဟုတ်) သူတို့၏ ယောကျ်ားဆုံးဖြတ်ကိုရယူပြီးမှ ဆုံးဖြတ်ချက် ချလေ့ရှိကြသည်။ မိန်းမများသည် ရင်းနှီးကျွမ်းဝင်မှုကိုလိုလားသည်။ ယောကျ်ားများသည် မိမိဘာသာရပ်တည်ပြီး လွတ်လပ်မှုကို လိုလားသည်။

**၂။ ဇာတ်ဆောင်ကိုမြင့်နိုင်၏ ပြောစကားများကိုလေ့လာခြင်း**

Tenner (1982) သီအိုရီတွင် ပါသော အမျိုးအစား (၆)မျိုးဖြင့် လေ့လာထားခြင်းဖြစ်ပါသည်။

(က) ကိုမြင့်နိုင်၏ "အမိန့်ပေးမှု" ဘာသာစကားလက္ခဏာဖော်ပြမှု

"မင်းမိန်းကလေးဖြစ်တာအများကြီး ကံကောင်းသွားတယ်မှတ်ပါ။ မိန်းကလေးကိုတော့ ငါမောင်းမထုတ်ချင်ဘူး။ မင်းဟာမင်းပဲထွက်သွားပေတော့။"

**စာအဆက်အစပ်**

နွယ်နွယ်ခိုင်သည် ကိုမြင့်နိုင်ခြံထဲသို့ခိုးဝင်ပြီး ပင်မှည့်သီးများခူးနေစဉ် ကိုမြင့်နိုင်ဖမ်းမိသွားသဖြင့် ကိုမြင့်နိုင်က နွယ်နွယ်ခိုင်ကို သူ့ခြံထဲမှ မောင်းထုတ်ခြင်းဖြစ်သည်။

**ခွဲခြမ်းစိတ်ဖြာခြင်း**

ကိုမြင့်နိုင်သည် သူ့ခြံထဲမှအသီးများကို ခိုးယူနေသောသူများမှာ ကလေးများဟုထင်နေမိရာမှ အရွယ် ရောက်ပြီးသော မိန်းကလေးတစ်ယောက်ပါနေသောအခါ အံ့ဩဒေါသဖြစ်ပြီး သူ့ခြံထဲမှထွက်သွား ရန် အမိန့်ပေးခြင်း ဖြစ်သည်။

**(ခ) ကိုမြင့်နိုင်၏ "အပေးအယူ" ဘာသာစကားလက္ခဏာဖော်ပြမှု**

"အေးလေတစ်နေ့လုပ်ကြည့်ဦးပေါ့။ သူတို့လိုဘဲနှစ်ကျပ်ပေးမယ်။ ဟုတ်လား။ မင်း အလုပ်အကိုင် ကို ကျေနပ်ရင် နောက်နေ့တွေတိုးပေးမယ်။"

**စာအဆက်အစပ်**

နွယ်နွယ်ခိုင်သည် ပန်းနွယ်ရောက်ချိန်မုန့်ဖိုးရရန်အတွက် ပန်းနွယ်မှစောကြာဒိုး၊ ဖိုးသံချောင်း တို့နှင့်အတူ ကိုမြင့်နိုင်ဆီ အလုပ်လုပ်ရန်အတွက် အလုပ်သွားတောင်းခြင်း ဖြစ်သည်။

**ခွဲခြမ်းစိတ်ဖြာခြင်း**

အလုပ်လာတောင်းသော နွယ်နွယ်ခိုင်ကို အလုပ်ရှင်ကိုမြင့်နိုင်က စောကြာဒိုးနှင့် ဖိုးသံချောင်း တို့ကိုပေးသည့် လုပ်အားခအတိုင်း တစ်နေ့နှစ်ကျပ်ပေးမည် ဆိုသည့်အကြောင်း၊ အလုပ်လုပ်ပုံစနစ်ကျပြီး ကျေနပ်မှုရှိပါမှ လုပ်အားခကို ထပ်တိုးပေးမည်ဆိုသည့်အကြောင်း အလုပ်ရှင်နှင့် အလုပ်သမားကြား အပေးအယူပြောသော စကားခွန်းဖြစ်သည်။

**(ဂ) ကိုမြင့်နိုင်၏ "အဆိုပြု" ဘာသာစကားလက္ခဏာဖော်ပြမှု**

"မင်းဒါတွေကိုမရသေးလို့ပါဂျစ်တူးရာ၊ မိန်းမဆိုတာ ရွှေမက်၊ ဂုဏ်မက်တတ်တဲ့အမျိုးပါ"

စာအဆက်အစပ်

ကိုမြင့်နိုင်သည်နွယ်နွယ်ခိုင်ကို ရည်းစားထားဖူးသလား ရွှေတွေ၊ ငွေတွေ၊ ဂုဏ်တွေရော မက်သလားဟု မေးသောအခါ နွယ်နွယ်ခိုင်က သူရည်းစားမထားဖူးကြောင်း ရွှေ၊ ငွေ၊ ဂုဏ်တွေကို မမက် ကြောင်းပြန်ပြောခြင်းဖြစ်သည်။ ထိုအခါကိုမြင့်နိုင်က နွယ်နွယ်ခိုင်ကို ထိုအရာများ မရဘူးသေးသော ကြောင့် မမက်ဘူးဟု ပြောခြင်းဖြစ်ကြောင်း၊ မိန်းမဆိုသည်မှာ ငွေမက်သော ဂုဏ်မက်သော အမျိုးဖြစ် ကြောင်း ပြန်ပြောခြင်းဖြစ်သည်။

ခွဲခြမ်းစိတ်ဖြာခြင်း

အထက်ပါစာသားသည် ကိုမြင့်နိုင်၏ မိန်းကလေးများ အပေါ်ထားရှိသော သူ့အမြင်ကို အဆိုပြု တင်သွင်းခြင်းဖြစ်သည်။

**(ဃ) ကိုမြင့်နိုင်၏ "အချက်အလက်" ဘာသာစကားလက္ခဏာဖော်ပြမှု**

"ငါးကတော့ ငါးဖိန်းဘဲကွ၊ သူတို့ချက်သလိုအကောင်လိုက်ကြီး မထည့်နဲ့ပေါ့၊ ငရုပ်သီး မှုန့်၊ ပဲမှုန့်၊ ငံပြာရည်တွေလည်း အစုံပဲ။ ဟိုကြောင်အိမ်ပေါ်မှာ အချိုမှုန့်လေးလည်း တစ်ထုပ်ရှိလေရဲ့။ ကြက်သွန် ငရုပ်သီး တွေလည်း ဟောဟိုမှာ အထုပ်တွေနဲ့။

စာအဆက်အစပ်

နွယ်နွယ်ခိုင်သည် သူမစစ်ကိုင်းမုန့်ဟင်းခါး ကောင်းကောင်းချက်တတ်ကြောင်း ကိုမြင့်နိုင်ကို ပြောထား သည်။ ထိုအခါကိုမြင့်နိုင်သည် ညောင်ရွှေသို့သွားကာ မုန့်ဟင်းခါးချက်မည့်ပစ္စည်းများကို သွားရောက်ဝယ်ယူပြီး နွယ်နွယ်ခိုင်ကို မုန့်ဟင်းခါးချက်ခိုင်းခြင်းဖြစ်သည်။

ခွဲခြမ်းစိတ်ဖြာခြင်း

နွယ်နွယ်ခိုင် စစ်ကိုင်းမုန့်ဟင်းခါးချက်ရန်အတွက် မုန့်ဟင်းခါး ချက်ပုံ၊ ချက်နည်း၊ မုန့်ဟင်းခါးထဲ ထည့်မည့် ပစ္စည်းများရှိရာနေရာကို အချက်အလက်အတိအကျပြောပြ နေခြင်းဖြစ်သည်။

(င) **ကိုမြင့်နိုင်၏** "**အခြေအနေ**" **ဘာသာစကားလက္ခဏာဖော်ပြမှု**

"စောကြာဒိုးနဲ့အတူ အိမ်အောက်က မြေတိုက်ကို တူးပြီးရှင်းလေ၊ အဲ့ဒီအခန်းကြီးက သူရဲ ခြောက်တယ်ဆိုပြီး စောကြာဒိုးနဲ့ ဖိုးသံချောင်းတို့က မရှင်းရဲပါဘူး၊ လုပ်နေကြတယ်။ မင်းရော ကြောက် သလား။

စာအဆက်အစပ်

နွယ်နွယ်ခိုင်သည် ကိုမြင့်နိုင်အိမ်ကို ရှင်းရန်အတွက် စောကြာဒိုးတို့နှင့် အတူရောက်ရှိလာသည်။ ကိုမြင့်နိုင် က နွယ်နွယ်ခိုင်တို့ရှင်းရမည့်အခန်းအခြေအနေကိုရှင်းပြခြင်းဖြစ်သည်။

ခွဲခြမ်းစိတ်ဖြာခြင်း

နွယ်နွယ်ခိုင်ရှင်းရမည့် မြေအောက်ခန်းအခြေအနေကို ရှင်းပြပြီး သူရဲကြောက်သူ ဟုတ် မဟုတ် နွယ်နွယ်ခိုင်၏အခြေအနေကိုသိချင်၍ ကိုမြင့်နိုင်ကမေးခြင်းဖြစ်သည်။

**(စ) ကိုမြင့်နိုင်၏ "ရင်းနှီးမှု" ဘာသာစကားလက္ခဏာဖော်ပြမှု**

**"ဂျစ်တူးမောနေပြီလား"**

စာအဆက်အစပ်

နွယ်နွယ်ခိုင်သည် ကိုမြင့်နိုင်အိမ်မှ ကြမ်းပြင်ကို ရေဝတ်နှင့်တကုန်းကုန်းတိုက်နေရာသို့ ကိုမြင့်နိုင် ရောက်ရှိလာပြီး မေးလိုက်သောစကားဖြစ်သည်။

ခွဲခြမ်းစိတ်ဖြာခြင်း

ပင်ပင်ပန်းပန်း ကြမ်းတိုက်နေသော နွယ်နွယ်ခိုင်ကို ကိုမြင့်နိုင်က တရင်းတနှီးမေး လိုက်သော စကားဖြစ်သည်။

**(ဆ) ကိုမြင့်နိုင်၏ "နားလည်မှု" ဘာသာစကားလက္ခဏာဖော်ပြမှု**

"အေးကွာဖြစ်ပြီးမှတော့ ဘယ်တတ်နိုင်မှာလဲ ဒီဖုန်ထဲက ငါးကလည်း ဘယ်ကောင်းတော့ မလဲ"

"အေးကွာ စစ်ကိုင်းမုန့်ဟင်းခါးနဲ့ ကြံဖန်လွဲရတာပေါ့"

စာအဆက်အစပ်

မီးဖိုပေါ်တွင် အရည်များတပွတ်ပွတ် ဆူကျနေသောမုန့်ဟင်းခါးအိုးကို လက်သုတ်ပဝါနှင့်ချလေ သောအခါ နွယ်နွယ်ခိုင်မှာ လက်အပူရှိန်ဟပ်ပြီးအိုးကို လွှတ်ချလိုက်လေသည်။ အိုးထဲမှ ငါးများမြေကြီး ပေါ်သို့ ပြန့်ကြဲကုန်သည်။

ခွဲခြမ်းစိတ်ဖြာခြင်း

နွယ်နွယ်ခိုင်ကြောင့် မုန်းဟင်းခါးအိုးတစ်အိုးလုံး မြေကြီးပေါ်မှောက်ကျသွားသော်လည်း ကိုမြင့်နိုင်မှာ နွယ်နွယ်ခိုင်ကိုစိတ်ဆိုးခြင်းမရှိဘဲ နားလည်မှုရှိသော သဘောဖြစ်သည်။

**(ဇ) ကိုမြင့်နိုင်၏ "ခံစားမှု" ဘာသာစကား လက္ခဏာ ဖော်ပြမှု**

**"အိုဖြစ်မှဖြစ်ရလေကွာ"**

စာအဆက်အစပ်

နွယ်နွယ်ခိုင် အိမ်သန့်ရှင်းရေး လုပ်ရင်းလက်မောင်း၌ ဒဏ်ရာရသည်။ ထိုဒဏ်ရာမှ သွေးများသည် အင်္ကျီသို့ပေကြံကုန်လေသည်။ ထိုသွေးများကို ကိုမြင့်နိုင်မြင်ပြီး ပြောသောစကား ဖြစ်သည်။

ခွဲခြမ်းစိတ်ဖြာခြင်း

နွယ်နွယ်ခိုင်လက်မှဒဏ်ရာကို ကိုမြင့်နိုင်မြင်ပြီး နွယ်နွယ်ခိုင်အပေါ်သနားဂရုဏာ သက်သွားသော ခံစားမှု ဖြစ်သည်။

**(ဈ) ကိုမြင့်နိုင်၏ "သဘောထားကွဲမှု" ဘာသာစကား လက္ခဏာ ဖော်ပြမှု**

"ဟ ခင်သန္တာဂုဏ်မက်တယ်လို့ မင်းကို ဘယ်သူပြောဖူးလဲ"

စာအဆက်အစပ်

နွယ်နွယ်ခိုင်သည် ခင်သန္တာမှာ ဂုဏ်မက်သည့်အတွက် တစ်ခြားမိန်းကလေးများကိုလည်း ခင်သန္တာလို ဂုဏ်မက်သည်ဟု သိမ်းကျုံးမစွပ်စွဲရန်ပြောသည်ကို ကိုမြင့်နိုင်က ခင်သန္တာကို ဂုဏ်မက်သည်ဟု မပြောကြောင်း ပြန်ပြောသောစကားဖြစ်သည်။


ခွဲခြမ်းစိတ်ဖြာ

ခင်သန္တာအပေါ်ထားရှိသော နွယ်နွယ်ခိုင်နှင့်ကိုမြင့်နိုင်တို့၏ သဘောထားအမြင်ကွဲလွဲမှုဖြစ်သည်။

**၂။ ၁။ ကိုမြင့်နိုင်၏ ပြောစကားကို လိုင်ကွဲပြားမှု သီအိုရီနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း**

ကိုမြင့်နိုင်သည် လိုင်ကွဲပြားမှုသီအိုရီ (၆)မျိုးထဲမှ အများဆုံးအသုံးပြုသော ဘာသာစကားလက္ခဏာမှာ အမိန့်ပေးမှုဖြစ်သည်။ စကားခွန်းအရေအတွက်အနေနှင့် (၁၈)ခွန်း တွေ့ရသည်။ ရာခိုင်နှုန်းအားဖြင့် ၂၆% ဖြစ်သည်။ ရာခိုင်နှုန်းအားဖြင့် အမြင့်ဆုံးဖြစ်သည်။ ဒုတိယအများဆုံး စကားခွန်းများမှာ အခြေအနေဖြစ်သည်။ စကားခွန်း အရေအတွက်မှာ (၁၄) ခွန်းဖြစ်သည်။ ရာခိုင်နှုန်းအားဖြင့် ၂၀% ဖြစ်သည်။ အနည်းဆုံးအသုံးပြုသော ဘာသာစကားလက္ခဏာမှာ နားလည်မှုဖြစ်သည်။ စကားခွန်းအရေအတွက် (၂)ခွန်း ဖြစ်ပြီး ရာခိုင်နှုန်းမှာ ၄% ဖြစ်သည်။

**၂။ ၂။ ကိုမြင့်နိုင် ပြောစကားကို ရာခိုင်နှုန်းနှင့်ပြပုံ**




**၃။ ဇာတ်ဆောင်နွယ်နွယ်ခိုင်၏ ပြောစကားများကို လေ့လာခြင်း**

Tenner (1982) **သီအိုရီတွင်ပါသော အမျိုးအစား** (၆) **မျိုးဖြင့် လေ့လာထားခြင်း ဖြစ်သည်။**

**(က) နွယ်နွယ်ခိုင်၏ ''ခံစားမှု'' ဘာသာစကားလက္ခဏာ ဖော်ပြမှု**

"ရော့ပြန်ယူ အသီးအစုတ်ပလုတ်တွေအကုန်ပြန်ယူ၊ လူမသိအောင်ခူးမိတာလေးများ သူခိုးလို့ ပြောရသလား၊ မောင်းထုတ်ရသလား၊ ရော့ပြန်ယူတစ်လုံးမကျန်ယူ အကုန်ပြန်ယူ"

စာအဆက်အစပ်

နွယ်နွယ်ခိုင်သည် ကိုမြင့်နိုင်ခြံထဲမှ ပင်မှည့်သီးများကိုခူးနေချိန် ကိုမြင့်နိုင်ရောက်ရှိလာပြီး သူခိုး ဟု စွပ်ဆွဲပြောဆိုသောကြောင့် ပြန်ပြောသောစကားဖြစ်သည်။

ခွဲခြမ်းစိတ်ဖြာခြင်း

နွယ်နွယ်ခိုင်သည် သူမကို သူခိုးဟုစွပ်ဆွဲခံရသောကြောင့် သူ့လက်ထဲမှ ပင်မှည့်သီးများကို ပစ်ပေါက်ပေးပြီး ဝမ်းနည်းဒေါသခံစားချက်ဖြင့် ပြောဆိုခြင်း ဖြစ်သည်။

**(ခ) နွယ်နွယ်ခိုင်၏ "သဘောကွဲမှု" ဘာသာစကားလက္ခဏာဖော်ပြမှု**

"အိုဒါကတော့ ဒါကတော့ သူတို့တွေကြာကြာနေရင် ဦးဆိုးပေနဲ့ တွေ့သွားမှာကိုး ဒီတော့ အလိမ်ပေါ်ကုန်မှာပေါ့"

စာအဆက်အစပ်

ကျောင်းတုန်းက နာမည်ကြီးအလှဘုရင်မ ခင်သန္တာသည် ကိုမြင့်နိုင်အိမ်လာလည်ချိန်တွင် ကိုမြင့်နိုင်မှာ မြို့တက် ဈေးသွားဝယ်နေလေသည်။ နွယ်နွယ်ခိုင်က ခင်သန္တာနှင့်ကိုမြင့်နိုင် တွေ့သွားမည် စိုးသဖြင့် ကိုမြင့်နိုင်အိမ်သည် သူရဲခြောက်ကြောင်း ဇာတ်လမ်းဆင်ဖန်တီးကာ ခင်သန္တာ အမြန်ပြန်အောင် လုပ်လိုက်ခြင်းဖြစ်သည်။

ခွဲခြမ်းစိတ်ဖြာခြင်း

ကိုမြင့်နိုင်က ခင်သန္တာကိုအဘယ်ကြောင့် အလိမ်အညာစကားများပြောပြီး ပြန်ပြေးအောင်လုပ်ရ သလဲဟု မေးသောအခါ နွယ်နွယ်ခိုင်ကသူလုပ်လိုက်သော သဘောထားကို ပြန်ပြောပြပြီး နှစ်ဦးကြား သဘောထားကွဲမှုကို တွေ့ရသည်။

**(ဂ) နွယ်နွယ်ခိုင်၏ "အပေးအယူမှု" ဘာသာစကားလက္ခဏာဖော်ပြမှု**

"**ကိစ္စမရှိပါဘူး၊ နွယ်လည်း အလကားစိတ်တိုတာပါ အဟဲ**"

စာအဆက်အစပ်

နွယ်နွယ်ခိုင်က ခင်သန္တာကိုဂုဏ်မက်သည်ဟု ပြောသောအခါ ကိုမြင့်နိုင်ကနွယ်နွယ်ခိုင်ကို ဒေါသတကြီး လေသံမာမာနှင့် အော်လိုက်သဖြင့် ကိုမြင့်နိုင်က ပြန်တောင်းပန်သောကြောင့် နွယ်နွယ်ခိုင် က ပြန်ပြောခြင်းဖြစ်သည်။

ခွဲခြမ်းစိတ်ဖြာခြင်း

ကိုမြင့်နိုင်ကသူရုတ်တရက်ဒေါသဖြစ်သွားကြောင်း တောင်းပန်သောအခါ နွယ်နွယ်ခိုင်ကလည်း သူလည်း စိတ်တိုသွားကြောင်း ပြန်တောင်းပန်ပြီး တစ်ယောက်နှင့်တစ်ယောက် အပေးအယူလုပ်ပြီး နားလည်မှု ယူလိုက်ခြင်း ဖြစ်သည်။

**(ဃ) နွယ်နွယ်ခိုင်၏ "အခြေအနေ" ဘာသာစကားလက္ခဏာဖော်ပြမှု**

**"အိုဘယ်ကောင်း တော့မလဲ ၊ နည်းနည်းမှ ကောင်းမှာမဟုတ်ဘူး"**

စာအဆက်အစပ်

ငါးပြုတ်အိုးမှောက်ကျပြီး ငါးများမြေကြီးပေါ်တွင် ဖုန်အလိမ့်လိမ့်တက်နေသည်ကို မြင်သောအခါ မုန့်ဟင်းခါး ဆက်ချက်ရန်အတွက် အဆင်မပြေတော့ကြောင်း ပြောခြင်းဖြစ်သည်။

ခွဲခြမ်းစိတ်ဖြာခြင်း

ကိုမြင့်နိုင်က မြေကြီးပေါ်ကျသွားသော ငါးများနှင့်မုန့်ဟင်းခါးချက်ရန် အဆင်မပြေကြောင်း ပြောသော အခါ နွယ်နွယ်ခိုင်ကလည်းထိုငါးများနှင့် မုန့်ဟင်းခါးချက်ရန် အဆင်မပြေသည့် အခြေအနေကို ပြောပြခြင်း ဖြစ်သည်။

**(င) နွယ်နွယ်ခိုင်၏ "အဆိုပြုမှု" ဘာသာစကားလက္ခဏာဖော်ပြမှု**

"စားကြည့်စမ်းစေချင်လိုက်တာ၊ လျှာလည်သွားအောင်ကို ချက်ပြမလို့၊ စစ်ကိုင်းမှာဆို ရောင်း မလောက်ဘူး"

စာအဆက်အစပ်

မုန့်ဟင်းခါးချက်ရန် ပြုတ်ထားသော ငါးပြုတ်အိုးမြေကြီးပေါ် မှောက်ကျသွားသဖြင့် ဆက်ချက်ရန် မဖြစ်သောအခြေအနေတွင် နွယ်နွယ်ခိုင်က ပြောသောစကားဖြစ်သည်။

ခွဲခြမ်းစိတ်ဖြာခြင်း

ကိုမြင့်နိုင်က စစ်ကိုင်းမုန့်ဟင်းခါးနဲ့ ကြုံဖန်လွဲရကြောင်းပြောသောအခါ နွယ်နွယ်ခိုင်က သူ့လက်ရာမုန့်ဟင်းခါးမှာ စစ်ကိုင်းတွင် ရောင်းမလောက်အောင် ကောင်းကြောင်း စားကြည့်ချင်ကြောင်း မိမိကိုယ်ကို အဆိုပြုပြောသောစကားဖြစ်သည်။

**(စ) နွယ်နွယ်ခိုင်၏ "အကြံဉာဏ်" ဘာသာစကားလက္ခဏာဖော်ပြမှု**

**"အိုနှစ်ယောက်အား ဆိုလည်း နည်းလားကြမ်းတိုက်နိုင်းရအောင်ပေါ့လို့"**

စာအဆက်အစပ်

နွယ်နွယ်ခိုင်သည်ကြမ်းတိုက်ရတာ မောလာသောအခါ အိမ်ကြီးထဲရှိသရဲများဖြစ်သော နန်းနွဲ့နှင့် စိုင်းကျော်တို့ရှိလျှင် ကြမ်းတိုက်ခိုင်းချင်ကြောင်း ပြောသောစကားဖြစ်သည်။


ခွဲခြမ်းစိတ်ဖြာခြင်း

နွယ်နွယ်ခိုင်သည် အိမ်ကြီးထဲရှိသရဲများဖြစ်သော နန်းနွဲ့နှင့်စိုင်းကျော် နှစ်ယောက်ကို ကြမ်းတိုက်ခိုင်း ရင်ကောင်းမည်ဟု ကိုမြင့်နိုင်ကို အကြံဉာဏ်ပေးခြင်းဖြစ်သည်။

**၃.၁။ နွယ်နွယ်ခိုင်၏ ပြောစကားကို လိင်ကွဲပြားမှု သီအိုရီနှင့် ခွဲခြမ်းစိတ်ဖြာခြင်း**

လိင်ကွဲပြားမှု သီအိုရီ (၆) မျိုးထဲမှ နွယ်နွယ်ခိုင်အများဆုံး အသုံးပြုသွားသော စကားခွန်းအမျိုးအစားမှာ သဘောထားကွဲမှုဖြစ်သည်။ ထိုစကားခွန်းမှာ (၁၅) ခွန်းဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၂၇% ဖြစ်သည်။ ဒုတိယအများဆုံး အသုံးပြုသောစကားခွန်းအမျိုးအစားမှာ ခံစားမှုဖြစ်သည်။ စကားခွန်းအရေအတွက်မှ (၁၄) ခွန်းဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့်၂၀%ဖြစ်သည်။ အနည်းဆုံးအသုံးပြုသော စကားခွန်းအမျိုးအစားမှာ အကြံဉာဏ်ဖြစ်သဖြင့် စကားခွန်းအရေ အတွက်မှာ (၁) ခွန်းသာဖြစ်သည်။ ရာခိုင်နှုန်းအားဖြင့် ၁.၇% ဖြစ်သည်ကိုတွေ့ရသည်။

**၃.၂။ နွယ်နွယ်ခိုင်ပြောစကားကို ရာခိုင်နှုန်းပြပုံ**




## ခြုံငုံသုံးသပ်ချက်

ဇာတ်ဆောင်ကိုမြင့်နိုင်သည် သီအိုရီအမျိုးအစား (၆) မျိုးရှိ ယောကျ်ားများလုပ်ဆောင်သည့် အချက် (၆)ချက်နှင့် မိန်းမများလုပ်ဆောင်သည့် အချက်(၆) စုစုပေါင်းအချက် (၁၂) ချက်ထဲမှ အချက် (၉)ချက်ကို စကားခွန်းစုစုပေါင်း အခွန်း (၇၀) ဖြင့်အသုံးပြုပြီး ဇာတ်ဆောင် နွယ်နွယ်ခိုင်ကို ပြောသွားသည်ကို တွေ့ရပါသည်။ ကိုမြင့်နိုင်၏ ရာခိုင်နှုန်းပြနေသောပုံကိုကြည့်၍ ဇာတ်ဆောင်ကိုမြင့်နိုင်၏ စရိုက်ကို လေ့လာကြည့်ရာတွင် ဇာတ်ဆောင်ကိုမြင့်နိုင်သည် ယောကျ်ားစရိုက် အပြည့်အဝရှိသောသူဟု ကောက်ချက်ချနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယောကျ်ားများတွင်သာ အများဆုံးရှိသည့် စရိုက်လက္ခဏာအမျိုးအစားဖြစ်သော အမိန့်ပေးမှုနှင့်အခြေအနေနှစ်ခုတွင် ရာခိုင်နှုန်းအများဆုံးဖြစ်နေသည်ကို တွေ့ရှိရသည်။

ကိုမြင့်နိုင်သည် ဘွဲ့ရပြီးသူတစ်ယောက်ဖြစ်ပြီး နွယ်နွယ်ခိုင်သည် ပထမနှစ်ကျောင်းသူဖြစ်သည်။ ထို့အပြင် စောကြာဒိုး၊ ဖိုးသံချောင်းနှင့် ခမ်းလုံးစသည့် ကလေးများလည်းပါသည်။ ကိုမြင့်နိုင်သည် သူ၏အိမ်တွင် သန့်ရှင်းရေးလာလုပ်နေသော နွယ်နွယ်ခိုင်နှင့်ကလေးများကို အမိန့်အမျိုးမျိုးပေး၍

သန့်ရှင်းရေးလုပ်ခိုင်းနေသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ကိုမြင့်နိုင်သည် ယောကျ်ားတို့တွင်ရှိသင့်ရှိအပ်သော လက္ခဏာရပ်ရှိနေသည်ကို တွေ့ရှိရသည်။ ထို့ပြင်ကိုမြင့်နိုင်သည် ယောကျ်ားတို့ရှိသင့်ရှိအပ်သော လက္ခဏာတစ်ရပ်ဖြစ်သည့် အခြေအနေကို လေ့လာသုံးသပ်တတ်သော လက္ခဏာရှိသည်။ နွယ်နွယ်ခိုင်သည် သူ့အိမ်အလုပ်လုပ်မည် ဆိုသောအခါ နွယ်နွယ်ခိုင်၏ မျိုးရိုးဇာတိအခြေအနေမေး၍ နွယ်နွယ်ခိုင်၏ အခြေအနေကိုလေ့လာသည်။ မိန်းမစရိုက်လက္ခဏာတွင်သာ အများဆုံးရှိသည့် နားလည်မှုလက္ခဏာသည် ကိုမြင့်နိုင်တွင် အနည်းဆုံးဖြစ်သည်ကိုတွေ့ရသည်။ ထို့ကြောင့် ဇာတ်ဆောင် ကိုမြင့်နိုင်သည် ယောကျ်ားစရိုက်အပြည့်ရှိသူ ဖြစ်ကြောင်းတွေ့ရသည်။

ဇာတ်ဆောင်နွယ်နွယ်ခိုင်သည် သီအိုရီအမျိုးအစား (၆) မျိုးရှိ ယောကျ်ားများ လုပ်ဆောင်သည့် အချက် (၆)ချက်နှင့် မိန်းမများလုပ်ဆောင်သည့် အချက်(၆) ချက် စုစုပေါင်းအချက် (၁၂) ချက်ထဲမှ အချက် (၆) ချက်ကို စကားခွန်းစုစုပေါင်း (၅၅) ခွန်းဖြင့်အသုံးပြုပြီး ဇာတ်ဆောင် ကိုမြင့်နိုင်ကို ပြောသွားသည်ကို တွေ့ရပါသည်။ နွယ်နွယ်ခိုင်သည် ယောကျ်ားများတွင်သာ အများဆုံးတွေ့ရသော စရိုက်လက္ခဏာဖြစ်သည့် သဘောကွဲမှု ရိုက်လက္ခဏာကို ရာခိုင်နှုန်းအများဆုံးအနေနှင့် တွေ့ရသည်။ လူကြီးများနှင့်စကားပြောရာတွင်လည်း လိုက်လျောညီထွေ မပြောဆိုတတ်၊ လူကြီးများ၏ သဘောထားနှင့် သူမ၏သဘောထား အမြဲကွဲလွဲလေ့ရှိသည်။ ဒုတိယအများဆုံး စရိုက်လက္ခဏာမှာ မိန်းမများတွင်သာ တွေ့ရသောစရိုက် လက္ခဏာဖြစ်သည်။ ထိုစရိုက်လက္ခဏာမှာ ခံစားမှုဖြစ်သည်။ နွယ်နွယ်ခိုင်သည် မိန်းကလေးပီပီ နွဲ့နွဲ့နှောင်းနှောင်း ပျော့ပျော့ပျောင်းပျောင်းမရှိသော ပုံစံ၊ အလှအပမမက်၊ အဝတ်အစားလည်း ဖြစ်သလိုဝတ်စားပြီး ယောကျ်ားလေးပုံစံဖြစ်ပြီး၊ ကလေးများနှင့်ပေါင်းသင်း ဆော့ကစားနေသောသူဖြစ်သည်။ နွယ်နွယ်ခိုင်သည် ယောကျ်ားလေး တစ်ယောက်ကဲ့သို့ ဝတ်စားနေထိုင်ပြီး ကလေးတစ်ယောက်ကဲ့သို့ ဆော့ကစားနေသော်လည်း ဇာတ်ဆောင် ကိုမြင့်နိုင်အပေါ်ထားရှိသော ခံစားမှုမှာ ခံစားမှု များသည်ကို တွေ့ရှိရသည်။ လိင်ကွဲပြားမှုသီအိုရီ အမျိုးအစားထဲမှ နွယ်နွယ်ခိုင် အရေအတွက် အနည်းဆုံး အမျိုးအစားမှာအကြံဉာဏ်ဖြစ်သည်။ ဤသည်ကိုကြည့်ခြင်းဖြင့် နွယ်နွယ်ခိုင်သည် အကြံဉာဏ်ပေးနိုင်စွမ်း အားနည်းသည်ကို တွေ့ရှိရသည်။

## နိဂုံး

လိင်ကွဲပြားမှု သီအိုရီအမျိုးအစား (၆)မျိုးကိုအသုံးပြုပြီးမစန္ဒာ၏ "ငယ်သူမို့မသိပါ" ဝတ္ထုတွင် ပါရှိသော အဓိကဇာတ်ဆောင် (၂) ဦး၏အပြန်အလှန်ပြောစကားပေါ်မူတည်ပြီး ဇာတ်ဆောင် (၂) ဦး၏ စရိုက်လက္ခဏာကို လေ့လာကြည့်ထားပါသည်။ ဇာတ်ဆောင်ကိုမြင့်နိုင်သည် ယောကျ်ားစရိုက်များတွင်သာတွေ့ရှိရသည့် လက္ခဏာ အမျိုးအစားထဲမှ (၄)ချက်ကို အသုံးပြုသွားသည်ကို တွေ့ရှိရသည်။ ထို့အပြင် မိန်းမစရိုက်လက္ခဏာထဲရှိ အမျိုးအစား (၅)ချက်ကိုလည်း အသုံးပြုသွားသည်ကိုတွေ့ရှိရပါသည်။ သို့သော်ယောကျ်ားစရိုက် အမျိုးအစားဖြစ်သည့် အမိန့်ပေးမှုကို ရာခိုင်နှုန်းအများဆုံး အသုံးပြုသွားသည်ကိုတွေ့ရှိရပါသည်။ အထက်ပါအချက်များကို ကြည့်ပြီး ဇာတ်ဆောင်ကိုမြင့်နိုင်သည် ယောကျ်ားပီသသောစရိုက်ရှိသူဖြစ်ကြောင်း တွေ့ရသည်။

ဇာတ်ဆောင်နွယ်နွယ်ခိုင်သည် ယောကျ်ားစရိုက်များတွင်သာ တွေ့ရှိရသည့် လက္ခဏာ အမျိုးအစားထဲမှ (၃)ချက်ကို အသုံးပြုသွားသည်ကို တွေ့ရှိရသည်။ ထို့အပြင် မိန်းမစရိုက်လက္ခဏာထဲရှိ အမျိုးအစား (၃)ချက် ကိုလည်း အသုံးပြုသွားသည်ကို တွေ့ရှိရပါသည်။ ဇာတ်ဆောင်နွယ်နွယ်ခိုင်မှာ ယောကျ်ားဆန်သော မိန်းကလေးတစ်ဦးဖြစ်သည်ဟု ကောက်ချက်ချလိုပါသည်။ အဘယ်ကြောင့် ဆိုသော် လိင်ကွဲပြားမှုသီအိုရီ (၆)မျိုးထဲမှ ယောကျ်ားများတွင်သာ အများဆုံးတွေ့ရသော စရိုက်လက္ခဏာ ဖြစ်သည့် သဘောကွဲမှုစရိုက် လက္ခဏာကို ရာခိုင်နှုန်း အများဆုံးအနေနှင့်တွေ့ရသဖြင့် ယောကျ်ား ဆန်သောအမူအယာ၊ အပြုအမူရှိသူတစ်ဦး ဖြစ်ပါသည်။ လိင်ကွဲပြားမှုသီအိုရီ (၆) မျိုးအသုံးပြုပြီး "ငယ်သူမို့မသိပါ" ဝတ္ထုဉ္စပါရှိသော ဇာတ်ဆောင် (၂) ဦး၏စရိုက်ကို လေ့လာကြည့်ရာ မစန္ဒာဖော်ထုတ် တင်ပြသွားသော ဇာတ်ဆောင်စရိုက် လက္ခဏာများနှင့် ကိုက်ညီမှုရှိသည်ကို တွေ့ရပါသည်။

## ကျမ်းကိုးစာရင်း


ခင်အိအိတင်။ (၂၀၁၀)။ လိင်ကွဲပြားမှုနှင့် မြန်မာဘာသာစကား။ ပါရဂူဘွဲ့ အတွက်တင်သွင်းသောကျမ်း။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန။

ခင်မင်၊ မောင်၊ ဓနုဖြူ။ (၂၀၀၇)။ မိန်းမ၊ ယောကျ်ား ထိုစကား။ ရန်ကုန်၊ သီဟရတနာ ပုံနှိပ်တိုက်။

စန္ဒာ၊ မ။ (၂၀၁၃)။ ငယ်သူမို့မသိပါ။ ရန်ကုန်။ ပါရမီစာပေတိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၀၃)။ လူမှုဘာသာဗေဒမိတ်ဆက်။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၀၃)။ လူမှုဘာသာဗေဒသဘောတရား၊ ရန်ကုန်။ တက္ကသိုလ်၊ မြန်မာစာဌာန။


### အင်္ဂလိပ်ကျမ်းကိုး


Tenner, S.K. (2015), Discourse and Gender. John Wiley and Sons.

Tenner, D. (1990). You Just Don't Understand. New York; William Morrous Paperbacks.